# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

October 29, 2019 Volume 24, Number 17


**၂၉.၁၀.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၉၂ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၁၇၅၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၅၃၁/- ကျပ် |
| CBM Rate | = ၁၅၂၉.၇ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၉၄.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၂၂.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၆၂.၄ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၀၄.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၄၇.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၆.၅၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၅၉၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၁.၁၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၅.၃၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၀.၆၆၁ ကျပ် |

Source: CBM Rate, etrademyanmar.com

## မိုးထောင်ငရုတ်သီးအစို ယခင်နှစ်ကထက် ဈေးနှုန်းနှစ်ဆ ပိုမိုရရှိ




မင်းဘူးမြို့နယ်တွင် ယခုနှစ်၌ မိုးထောင်ငရုတ်သီး အစိုဆွတ်ခူးရောင်းရချိန်တွင် ယခင်နှစ်ကထက် ဈေးနှုန်းနှစ်ဆ ပိုမိုရရှိကြောင်း သိရသည်။ မင်းဘူးမြို့နယ်ရှိ ကျောက်တန်း၊ ရေမြက်၊ ပေါက်ပင်တွင်း၊ ရေတွင်းကုန်း ကျေးရွာများက ထွက်ရှိသော ငရုတ်သီး အစိုများကို မင်းဘူးဈေးနှင့်မကွေး မြို့ပေါ်ရှိ မြို့မဈေး၊ ကန်သာဈေး၊ ရန်ပယ် ဈေးများတွင် ရောင်းချနေခြင်း ဖြစ်သည်။ ယခင်နှစ် စက်တင်ဘာလနှင့်အောက်တိုဘာလတွင် မိုးထောင်ငရုတ်စို တစ်ပိဿာလျှင် ကျပ် ၃၅၀ မှ ကျပ် ၆၀၀ အထိသာ ရောင်းချရပြီး ယခုနှစ်ကာလတူ ငရုတ်သီးအစို စတင်ထွက်ချိန်၌ တစ်ပိဿာ ကျပ် ၆၅၀ စရောင်းရပြီး လက်ရှိတွင် ကျပ် ၁၂၀၀ အထိ လက်ကားရောင်းချရကြောင်း ရေတွင်းကုန်းကျေးရွာက ငရုတ်စိုက်တောင်သူ ကိုဇော်ထူးက ပြောသည်။ ကျွန်တော်တို့ ရွာနဲ့အနီးတစ်ဝိုက်က ရွာတိုင်းက တောင်သူတိုင်း ငရုတ်စိုက်တယ်။မနှစ်က မိုးထောင်ငရုတ်ဈေးက ခြောက်တဲ့အထိဈေးမရဘူး။ အခုနှစ်က မနှစ်ကထက် ငရုတ်ဈေးပိုရတယ်။ ဆောင်းငရုတ်ကတော့ အခုမှစိုက်ပြီး ပေါင်ထိုးကြတယ်ဟု ကိုဇော်ထူးကပြောသည်။

မင်းဘူး (စကု) မြို့နယ်အတွင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က ငရုတ်စိုက်ဧက ၁၂၀ စိုက်ပျိုးခဲ့ပြီး ယခုနှစ်တွင် ဧက ၁၄၀ ခန့်အထိ စိုက်ပျိုးထားကြောင်း စိုက်ပျိုးရေး ဦးစီးဌာနထံမှသိရသည်။ ငရုတ်စိုက်တောင်သူ အမျိုးသမီးတစ်ဦးက အခုနှစ်မှာ ကျွန်မတို့ ငရုတ်အစိုက နှစ်ခါဆွတ်ရောင်းပြီးပြီ။ တစ်ခါဆွတ်ရင် အချိန် ၁၀၀ ရတယ်။ ပထမအသုတ်က တစ်ပိဿာ ကျပ် ၆၅၀ နဲ့ ဈေးအရနည်းတယ်။ နောက်တစ်ခါ ဆွတ်တော့ တစ်ပိဿာ ကျပ် ၁၀၀၀ နဲ့ ဈေးတက်ရောင်းရတယ်ဟုပြောသည်။ မိုးထောင်ငရုတ်စိုသည် ဆွတ်ခူးပြီး မြေဩဇာကျွေး၊ ရေလောင်းပေးပါက အသီးထွက်နှုန်းကောင်းပြီး တစ်ရာသီတွင် ငရုတ်သီးကုန်ချိန်အထိ ၁၀ ကြိမ်အထိ ခူးရသည်။ ငရုတ်တစ်ပင်လျှင် အသီးတစ်ပိဿာခွဲအထိရရှိသည်။ ငရုတ်ကို ဧကဝက်ခန့် စိုက်ပျိုးထားပါက ပိဿာ ၉၀၀ ကျော်၊ ၁၀၀၀ ခန့်အထိရရှိသည်။

ငရုတ်သီးအမှည့်အစိုဖြစ်သည်ထိထားပါက တစ်ပင်လျှင် တစ်ပိဿာအထိ ရှိကြောင်းသိရသည်။ ၂၀၁၈ ခုနှစ်က ငရုတ်သီးခြောက်တစ်ပိဿာလျှင် ကျပ် ၃၅၀၀ မှ ကျပ် ၅၀၀၀ အထိရှိသော်လည်း ယခုနှစ်တွင် မိုးထောင်ငရုတ်ခြောက် တစ်ပိဿာလျှင် ကျပ် ၅၅၀၀ နှင့် ငရုတ်အပွ(အမှည့်) တစ်ပိဿာ ကျပ် ၆၀၀၀ အထိရှိကြောင်းသိရသည်။

**CONTACT US**


ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

ရေတ်စိုက်တောင်သူတွေ ရောင်းတာက ရေတ်သီးက အစိမ်း၊ မှည့်စို၊ အခြောက်ဆိုပြီး သုံးမျိုးရှိတယ်။ ရေတ်ဈေးက တက်လိုက်၊ ပျောက်သွားလိုက်၊ ကျသွားလိုက်ဖြစ်နေတယ်။ မနှစ်ကတော့ ရေတ်ဈေးကမကောင်းဘူးဟု မင်းဘူးမြို့ ရေတ်နှင့်မျိုးစေ့မျိုးစုံအရောင်းအဝယ် ပြုလုပ်သည့် ဦးဇော်နိုင်ကပြောသည်။ ယခုနှစ်တွင် မြန်မာရေတ်သီးများကို မလေးရှား၊ တရုတ်နှင့် ထိုင်းနိုင်ငံတို့က တိုက်ရိုက် အဝယ်ရှိလာခြင်းကြောင့် လက်ရှိရေတ်သီးအစိုဈေး များလည်းတက်လာကြောင်း ရေတ်ပွဲရုံများထံမှသိရသည်။

**Source:မြန်မာတောင်သူကြီးများဂျာနယ်**

http://htwettoe.com/article-details/news/8133894

## အာရှ၏ အထင်ကရ ခရီးသွားပြပွဲကြီး " ITB ASIA" တွင် မြန်မာပါဝင်ပြသ

စင်ကာပူမြို့၊ Sands Expo and Convention Centre တွင် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့မှ ၁၈ ရက်နေ့အထိ (၃)ရက်ကြာ ကျင်းပပြုလုပ်ခဲ့သည့် အာရှတွင် နာမည်ကြီးသော ခရီးသွားပြပွဲကြီး " ITB ASIA" ၌ မြန်မာ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံမှ ပါဝင်ပြသခဲ့ပါသည်။ မြန်မာပြခန်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ ခရီးသွားလုပ်ငန်းများက ပူးပေါင်းပါဝင်ပြသခဲ့ကြပါသည်။ " ITB ASIA " ခရီးသွားပြပွဲကို ဒေသတွင်းရှိ ခရီးသွားလာရေးကဏ္ဍနှင့်သက်ဆိုင်သော လုပ်ငန်းများအကြား Business to Business-B2B ချိတ်ဆက်ဆောင်ရွက်နိုင်ရန်အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး၊ စင်ကာပူကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနအောက်ရှိ စင်ကာပူခရီးသွားလာရေးဘုတ်အဖွဲ့ (Singapore Tourism Board) ၏ ပံ့ပိုးမှုဖြင့် Messe Berlin (Singapore) Pte Ltd ကုမ္ပဏီက စီစဉ်ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။ စင်ကာပူတွင် အဆိုပါပြပွဲကို နှစ်စဉ် ကျင်းပပြုလုပ်ခဲ့ရာ ယခုနှစ်တွင် (၁၂)ကြိမ်မြောက်သို့ ရောက်ရှိခဲ့ပြီဖြစ်ပါသည်။ ပထမနေ့တွင် ကျင်းပပြုလုပ်ခဲ့သော ဖွင့်ပွဲအခမ်းအနားသို့ စင်ကာပူနိုင်ငံ၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၏ Senior Minister of State ဖြစ်သူ Mr.Chee Hong Tat နှင့် ဂျာမနီနိုင်ငံ၊ ဘာလင်မြို့၏ မြို့တော်ဝန် Mr. Michael Muller တို့က အထူးဧည့်သည်တော်များအဖြစ် တက်ရောက်ခဲ့ကြပါသည်။ အဆိုပါနေ့တွင် " ITB ASIA " ခရီးသွားပြပွဲကို စင်ကာပူ၌ နောက်ထပ်(၃)နှစ်အထိ ဆက်လက်ကျင်းပသွားရန်အတွက် Singapore Tourism Board နှင့် Messe Berlin ကုမ္ပဏီတို့အကြား နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုး ပွဲကိုလည်း ကျင်းပပြုလုပ်ခဲ့ပါသည်။ ယခုနှစ်တွင်ကျင်းပသော " ITB ASIA " ပြပွဲ၏ ထူးခြားချက်မှာ ခရီးသွားလာရေးကဏ္ဍတွင် အဓိကအခန်းကဏ္ဍမှပါဝင်သော အစည်းအဝေးများ၊ ဝန်ထမ်းများအား မက်လုံးပေးသည့်အနေဖြင့် ပို့ဆောင်သည့် ခရီးစဉ်များနှင့် ပြပွဲများ (Meetings, Incentivel Travel, Conventions and Exhibitions -MICE) အား စီစဉ်ဆောင်ရွက်ပေးသော လုပ်ငန်းများအတွက် B2B ချိတ်ဆက်ဆောင်ရွက်နိုင်ရန် " MICE Show Asia " ကို ပူးတွဲကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။ ထို့ပြင် ခရီးသွားလာရေးကဏ္ဍ၏ လက်ရှိအခြေအနေများနှင့် အနာဂတ်တွင် ပြောင်းလဲဖြစ်ပေါ်လာနိုင်သည့် အခြေအနေများကို အမြင်ချင်းဆွေးနွေးဖလှယ်နိုင်ရန်အတွက် လုပ်ငန်းကိစ္စဖြင့် ခရီးသွားလာခြင်း (Corporate Travel)၊ ခရီးသွားလာရေးကဏ္ဍတွင်နည်းပညာအသုံးပြုခြင်း (Travel Technology)၊ ခရီးစဉ်များအား ကြော်ငြာရောင်းချခြင်း (Destination Marketing ) နှင့် မူစလင်ဘာသာဝင် များ ခရီးသွားလာမှု (Muslim Travel) စသည့် ခေါင်းစဉ်များအောက်တွင် ဆွေးနွေးမှု အစီအစဉ်များကို ပြုလုပ်ခဲ့ပါသည်။ ခရီးသွားပြပွဲသို့ နိုင်ငံပေါင်း ၈၀ ကျော်မှ နိုင်ငံကိုယ်စားပြုသော ခရီးသွားလာရေးအဖွဲ့အစည်းများနှင့် ဒေသကိုယ်စားပြု ခရီးသွားလုပ်ငန်းအဖွဲ့အစည်းများ စုစုပေါင်း ၁၁၀ ကျော် ပါဝင်ပြသခဲ့ကြောင်း၊ ပါဝင်ပြသသည့် လုပ်ငန်း (Exibitors) ၁၃၀၀ ကျော်နှင့် လုပ်ငန်းချင်းချိတ်ဆက်ရန်အတွက် တက်ရောက်သူ (Buyers ) ၁၂၅၀ ကျော်တို့ အပါအဝင် တက်ရောက်သူဦးရေ စုစုပေါင်း ၁၃၀၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**Source: စီးပွားရေးသံမှူး-စင်ကာပူ**

## ဝါးမီးသွေးကို ပြည်ပနိုင်ငံများကို တင်ပို့နိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်



ဝါးမီးသွေးကို ပြည်ပနိုင်ငံဈေးကွက်များကို တင်ပို့နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်နေတာဖြစ်တယ်လို့ မြန်မာနိုင်ငံဝါးစိုက်ပျိုးရေးအသင်းမှ သိရပါတယ်။ ဝါးမီးသွေးကို သင်တန်းများပေးပြီး တစ်ပိုင်တစ်နိုင်လုပ်ကိုင်သူများအပါအဝင် စုပေါင်းကာ နိုင်ငံတကာဈေးကွက်ကို တင်ပို့နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်နေတာဖြစ်တယ်လို့ မြန်မာနိုင်ငံဝါးစိုက်ပျိုးရေးအသင်းမှဥက္ကဋ္ဌ ဦးဝင်းကျော်ဦးက ပြောပါတယ်။ အခုက ဝါးမီးသွေးကိုလည်း သင်တန်းတွေပေးနေပါတယ်။ ဝါးကို တစ်ပိုင်တစ်နိုင်လုပ်နေတဲ့သူတွေအတွက်လည်း တန်ချိန်တွေစုပေါင်းပြီးတော့ နိုင်ငံတကာဈေးကွက်တွေကို တင်ပို့ဖို့ကိုလည်း ဆောင်ရွက်သွားမှာပါ။

မြန်မာ့ဝါးမှာ ပြည်ပကပေးတဲ့ဈေးနှုန်းများထက် ပြည်တွင်းဈေးနှုန်းမှာ ပိုမိုရရှိနေတာဖြစ်တဲ့အတွက် ပြည်ပနိုင်ငံများကို တင်ပို့မှုမရှိသေးတာဖြစ်ကြောင်းလည်း အဆိုပါအသင်းမှသိရပါတယ်။ အခုလအတွင်း မြန်မာ့ဝါးကို ဝယ်ယူနိုင်ဖို့အတွက် ပြည်ပနိုင်ငံများမှာ လာရောက်ကမ်းလှမ်းမှုများရှိနေပြီး တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများရှိခဲ့ကြောင်းလည်း မြန်မာနိုင်ငံဝါးစိုက်ပျိုးရေးအသင်းမှ သိရပါတယ်။

**Source:** https://greenwaymyanmar.com/posts/making_export_bamboo_charcoal

## မြန်မာ့ငရုတ်သီး ဗီယက်နမ်သို့ လစဉ်တင်ပို့ရန်သဘောတူထား မလေးရှားနိုင်ငံသို့တင်ပို့နိုင်ရန် လာရောက်ကမ်းလှမ်းမှုရှိနေ



မြန်မာ့ငရုတ်သီးကို မလေးရှားနိုင်ငံသို့တင်ပို့ရန် လာရောက်ကမ်းလှမ်းမှုများရှိကြောင်း ငရုတ်သီးဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း ဥက္ကဋ္ဌဒေါ်ဥမ္မာကျော်က မြန်မာတိုင်းမ်နေ့စဉ်သို့ ပြောဆိုသည်။ မလေးရှားနိုင်ငံမှ ငရုတ်သီးအစိုနှင့်ငရုတ်သီးအခြောက်ကိုဝယ်ယူရန် အောက်တိုဘာ ၂၂ ရက်က လာရောက်ကမ်းလှမ်းမှုများရှိပြီး တင်ပို့နိုင်ရန်အတွက် ထပ်မံဆွေးနွေးမှုများဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။ မလေးရှားက ငရုတ်သီးဝယ်ဖို့ကမ်းလှမ်းတယ်၊ တင်ပို့နိုင်ဖို့ အတွက် ဆွေးနွေးမှုတွေလုပ်ရဦးမယ်၊ ဘယ်လောက်ဝယ်ယူမှာလဲ၊ ဘယ်လိုမျိုးတင်ပို့ပေးရမလဲဆိုတာတွေကို ထပ်မံဆွေးနွေးမှာ ဖြစ်ပါတယ်ဟု ၎င်းကပြောဆိုသည်။

မြန်မာ့ငရုတ်သီးကို ဗီယက်နမ်သို့ လစဉ်တင်ပို့ရန် သဘောတူညီထားပြီး ယခုလက်ရှိအချိန်တွင် အရည်အသွေးပြည့်မီသည့် ငရုတ်သီး ထွက်ရှိမှုနည်းပါးနေသည့်အတွက် တင်ပို့မှုကို ခေတ္တရပ်နားထားပြီး အရည်အသွေးပြည့်မီသည့် ငရုတ်သီးများထွက်ရှိမှသာ ဆက်လက်တင်ပို့မည်ဖြစ်သည်။ မြန်မာ့ငရုတ်ကိုတော့ ဗီယက်နမ်ရော မလေးရှားပါ နှစ်နိုင်ငံစလုံးကို တင်ပို့မှာဖြစ်ပါတယ်။ အရည်အသွေးပြည့်မီတဲ့ ငရုတ်သီးပေါ်ချိန်ရောက်ရင် တင်ပို့မှာဖြစ်ပါတယ်။ လောလောဆယ်တော့ ငရုတ် စိုက်ခင်းရှိတဲ့ဒေသတွေကို ကွင်းဆင်းပြီး ဝယ်ယူမှုတွေလုပ်သွားမှာဖြစ်ပါတယ်ဟု ၎င်းကဆက်လက်ပြောဆိုသည်။ မြန်မာ့ငရုတ်သီးကို ပြည်ပနိုင်ငံများမှ ဝယ်ယူမှုများကြောင့် ငရုတ်စိုက်တောင်သူများအနေဖြင့် ကောင်းကျိုးများစွာရရှိမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွင်း၌ ငရုတ်ကို မြန်မာပြည်အောက်ပိုင်းနှင့်အထက်ပိုင်းဒေသများတွင် အများဆုံး စိုက်ပျိုးလျက်ရှိကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/130185.html

## ပြည်တွင်း ပြည်ပခရီးသွားများအား ဆွဲဆောင်နိုင်လျက်ရှိသည့် ချင်းပြည်နယ် သီးမစ်ချိုင့်ဝှမ်းလွင်ပြင်သို့ ညှေ့်သည်ဝင်ရောက်မှုများပြားလာ



ချင်းပြည်နယ်အတွင်းရှိ အထင်ကရနေရာများအနက် မြေပြန့် ရှစ်မိုင်ပတ်လည်ကျယ်ဝန်းသည့် သီးမစ်ချိုင့်ဝှမ်း လွင်ပြင်သည် ဟားခါး–ထန်တလန်ကားလမ်းက လွင်ပြင်ကို ဖြတ်သွားသကဲ့သို့ သီးမစ်ချောင်းကလည်း သီးမစ်လွင်ပြင်ကို ဖြတ်ကာ ကွေ့ကောက်၍ စီးဆင်းလျက်ရှိသောကြောင့် အဆိုပါ လွင်ပြင်သို့ ခရီးသွားဝင်ရောက်မှု များပြားလာကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့မှ အောက်တိုဘာ ၂၈ ရက်ကသိရသည်။ သီးမစ်ချောင်းက ဖြတ်သန်းစီးဆင်းနေတဲ့ ချောင်းရေကို အမှီပြုပြီး ဒေသခံတိုင်းရင်းသားတွေက သီးမစ်လွင်ပြင် လယ်မြေတွေပေါ်မှာ မိုးစပါး စိုက်ပျိုးထားတာတွေ၊ တောင်စောင်းတွေမှာ လှေကားထစ်စိုက်ပျိုးတာတွေ၊ စပျစ်ခြံ၊ စတော်ဘယ်ရီခြံ စိုက်ပျိုးအသက်မွေးဝမ်းကျောင်းပြုတာတွေကို ခရီးသွားတွေအနေနဲ့လာရောက်ကြည့်ရှုလေ့လာနိုင်ပါတယ် ဟု ချင်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးရွှေထီးအိုးကပြောဆိုသည်။

သီးမစ်ချိုင့်ဝှမ်းလွင်ပြင်မှာ ဟားခါးမြို့ တောင်ဘက်ခုနစ်မိုင်၊ ထန်တလန်မြို့ အနောက်မြောက်ဘက် ၁၅ မိုင်ခန့်အကွာတွင် တည်ရှိပြီး ဟားခါးမြို့သို့ ရောက်ရှိလာသည့် ပြည်တွင်းပြည်ပဧည့်သည်များအတွက် အလည်အပတ်သွားရောက် အပန်းဖြေစရာ နေရာတစ်နေရာအဖြစ် ထင်ရှားသည့်လွင်ပြင်ဖြစ်ကြောင်း၊ ချင်းတိုင်းရင်းသားတို့၏ သမိုင်းဝင်မြေနေရာ တစ်နေရာ ဖြစ်ကြောင်း၊ ထို့ပြင် ရှေးနှစ်ပေါင်းများစွာကပင် ချင်းတိုင်းရင်းသားတို့၏ တန်ဖိုးထားထိန်းသိမ်းထားသော နယ်မြေတစ်ခု ဖြစ်ကြောင်း ချင်းပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဆက်လက်ပြောဆိုသည်။ သီးမစ်လွင်ပြင်တွင် လယ်မြေဧက ၁၄၀ ခန့်ရှိပြီး ဒေသတွင်းဆန်ဖူလုံရေးအတွက် အထောက်အကူပြုလျက်ရှိကြောင်း၊ ချောင်းရိုးတစ်လျှောက် အပန်းဖြေရန် သဘာဝ အလှတရားများကြောင့် ဟားခါးမြို့နှင့်အနီးဝန်းကျင်မှဒေသခံများ၊ ခရီးသွားဧည့်သည်များ လာရောက်အပန်းဖြေသော နေရာ တစ်နေရာအဖြစ် စည်ကားလျက်ရှိသည်။

**Source:** https://myanmar.mmtimes.com/news/130211.html

## တရုတ်ပြည် အရောင်းအဝယ်ပျက်နေမှုကြောင့် မကွေးနွားစျေးကွက် စျေးနှုန်းများကျဆင်းနေ



ယခုနှစ်အတွင်း တရုတ်ပြည်စျေးကွက် အရောင်းအဝယ်ပျက်နေမှုကြောင့် မကွေးနွားစျေးကွက်၌ နွားစျေးနှုန်းများ ကျဆင်းနေကြောင်း မကွေးတိုင်းဒေသကြီး မြို့သစ်မြို့ရှိ နွားပွဲစျေးမှ နွားအရောင်းအဝယ်ပြုလုပ်သူများထံကသိရသည်။ နွားစျေးကွက် တွေပျက်နေတယ်။ အရင်နှစ်က နွားတစ်ကောင် ကျပ် ၁၃ သိန်း ဆိုရင် ဒီနှစ် ကျပ်ဆယ်သိန်းနဲ့ ဝယ်လို့ရတယ်။ ကျပ် ၁၀ သိန်းတန် နွားကို ဝယ်တဲ့သူမရှိသလောက်ဖြစ်နေပြီး ရောင်းတဲ့သူပဲပေါတယ် ဟု တောင်တွင်းကြီးမှ မြို့သစ်မြို့နွားပွဲစျေးသို့ နွားလာဝယ်ယူသူ ဦးဝင်းဇော်က ပြောသည်။ ယခင်နှစ်များက မြန်မာနိုင်ငံမှ နွားများကို တရုတ်ပြည်သို့ တင်ပို့ရောင်းချမှုများရှိသော်လည်း ယခုနှစ်တွင် တရုတ် ပြည်စျေးကွက်အရောင်းအဝယ် ပျက်ေနသည့်အတွက် နွားတစ်ကောင်လျှင် ရောင်းစျေး ကျပ်သုံးသိန်းအထိ ကျဆင်းကြောင်းသိရသည်။ မြို့သစ်မြို့ရှိ နွားပွဲစျေးကို တစ်ပါတ်လျှင် အင်္ဂါနေ့တစ်ရက်သာပြုလုပ်ပြီး အဆိုပါနွားပွဲစျေးကို မြို့သစ်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု (၅၃)အုပ်စုမှ တောင်သူများ

တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ကျေးရွာများမှ တောင်သူများက နှမ်းများကို အရောင်းအဝယ်လာရောက်ပြုလုပ်ကြောင်း သိရသည်။

အဆိုပါနှမ်းပွဲဈေးတွင် အရောင်းအဝယ်ဖြစ်သည့်ကာလများမှာ တောင်သူများ တောင်သူလုပ်ငန်းနားချိန် နွေရာသီအချိန်တွင် အရောင်းအဝယ်ပိုဖြစ်ကြောင်း မြို့သစ်နှမ်းပွဲဈေးလုပ်ပိုင်ခွင့်လိုင်စင်ရရှိသူ ဒေါ်ခိုင်ယဉ်မိုးကပြောသည်။ မြို့သစ်နှမ်းပွဲဈေးက တစ်ခြားသားသတ်နဲ့ ပြည်ပပို့ကုန် နှမ်းအရောင်းအဝယ်လုပ်သူတွေ ဝယ်ရောင်းမလုပ်ကြဘဲ တောင်သူတွေဝယ်ရောင်းလုပ်တဲ့ နှမ်းပွဲဈေးဖြစ်ပါတယ်။ တောင်သူအလုပ်နားတဲ့အချိန်ဆိုရင် ကျပ် ၁၅သိန်းတန် နှမ်းကိုရောင်းပြီး ကျပ် ၁၀ သိန်းတန်လောက် ပြန်ဝယ်ယူပြီး ပိုက်ဆံပေါ်အောင်လုပ်ကြတယ်။ ဒီနှမ်းပွဲဈေးက တောင်သူတွေအလုပ်နားတဲ့အချိန်ဆိုပိုစည်ကားပြီး အရောင်းအဝယ်လုပ်ငန်းတွေ ပိုဖြစ်ပါတယ်ဟု ဒေါ်ခိုင်ယဉ်မိုးကပြောသည်။

အဆိုပါနှမ်းပွဲဈေးတွင် တောင်သူစိုက်ပျိုးချိန်၌ လာရောက်ဝယ်ရောင်းလုပ်သည့် နှမ်းအကောင်ရေ ၁၀၀ ကျော်ခန့်သာရှိပြီး စိုက်ပျိုးပြီးချိန်တွင် နှမ်းကောင်ရေ ၄၀၀ ကျော်အထိ လာရောက်ရောင်းဝယ်မှုများပြုလုပ်နေကြောင်းသိရသည်။ နှမ်းဈေးကအေးနေတဲ့အတွက် အရောင်းအဝယ်မကောင်းတာကများတယ်၊ တရုတ်က နှမ်းဝယ်လက်တွေလည်း အဝယ်အေးနေတဲ့အတွက် အခုကတော့ ခိုင်းနွားနဲ့နွားအချောတွေထက် မွေးမြူရေးအတွက် နွားမတွေက အရောင်းအဝယ်ဖြစ်တယ်ဟု မြို့သစ်မြို့နယ် ရွှေပန်းပင်ကျေးရွာမှ ဦးကျော်ထူးကပြောသည်။ ယခုလက်ရှိနွားဈေးမှာ အနိမ့်ဆုံး နွားတစ်ကောင်လျှင် ကျပ်သုံးသိန်းမှ အမြင့်ဆုံးကျပ်သိန်း ၂၀ ကျော်အထိရှိပြီး နွားအကြီးအသေးနှင့် နွား၏သွင်ပြင်လက္ခဏာပေါ်မူတည်၍ ရောင်းဝယ်ဈေးအစားစားရှိကြောင်းသိရသည်။

**Source:** http://www.mizzimaburmese.com/article/61940

## တစ်ဧက တင်း၁၈၀ ထွက်ရှိနိုင်သည့် စပ်မျိုးစပါးများ ဖြန့်ဖြူးပေးမည်



တစ်ဧက တင်း ၁၈၀ ထွက်ရှိသည့် အထူးအထွက်တိုး စပ်မျိုးစပါးအား ရယူလိုသူများကို တောင်သူများ၊ အစုအဖွဲ့များနှင့် ပူးပေါင်းကာ စိုက်ပျိုးထုတ်လုပ်ဖြန့် ဝေပေးသွားမည်ဖြစ်ကြောင်း ဂရိတ်ဝေါလ်ကုမ္ပဏီထံကသိရသည်။ အထွက်တိုးစပ်မျိုးစပါး GW –1 မှာ သက်တမ်းအားဖြင့် ၁၀၅ ရက်မှ ၁၂၀ ရှိပြီး အပင်အမြင့် သုံးပေခြောက်လက်မခန့်ထိ ကြီးထွားသည်။ ပျှမ်းမျှပင်ပွားနှုန်းမှာ ၁၂ ပင်အထက်ရှိကာ တစ်နှံပါသီးလုံးမှာ ၁၆၁ စေ့အထက်ရှိပြီး ဆန်ကြမ်းအထွက်နှုန်း ၇၈ ဒသမ ၇ ရာခိုင်နှုန်းနှင့် ဆန်အချော ထွက်နှုန်း ၅၄ ဒသမ ၅ ရာခိုင်နှုန်းရှိကြောင်းသိရသည်။

အခုထုတ်လုပ်လိုက်တဲ့ GW–1 စပ်မျိုးစပါးက မျိုးစေ့မှတ်ပုံတင်ရရှိခဲ့ပြီးဖြစ်ပါတယ်၊ မျိုးစေ့အရည်အသွေး အာမခံချက်အဖြစ် မျိုးစေ့မှန်ကန်မှု ၉၆ ရာခိုင်နှုန်းအထက်၊ မျိုးစေ့သန့်စင်မှု ၉၈ ရာခိုင်နှုန်း၊ အပင်ပေါက်နှုန်း ၈၀ ရာခိုင်နှုန်းအထက်နဲ့ အစိုဒဏ်ပါဝင်မှု ၁၃ ရာခိုင်နှုန်းအောက်စံနှုန်းတွေနဲ့ လုပ်ဆောင်ထားပါတယ်ဟု အဆိုပါကုမ္ပဏီ၏ ဒါရိုက်တာ ဦးတင်မောင်ကပြောသည်။ ယခုအထူးအထွက်တိုးစပါးအား စိုက်ပျိုးရေးသုတေသနဌာန၊ စပါးသီးနှံဌာနခွဲက လေ့လာမှုများပြုလုပ်ခဲ့ပြီး တင်း ၁၈၀ ခန့်ထိ ထွက်ရှိသည့် စပါးမျိုးဖြစ်ကြောင်းလည်း စမ်းသပ်ထားရှိပြီဖြစ်ကြောင်းသိရသည်။ ကျွန်မတို့ သူတို့စိုက်ပျိုးမှုပြုလုပ်ထားတဲ့ ရောဝတီတိုင်းအထိ သွားရောက်ကြည့်ရှုခဲ့ပြီဖြစ်ပါတယ်၊ အထူးအထွက်တိုး စပ်မျိုးစပါးက တင်း ၁၈၀ ကနေ ၁၉၀ အထိ ထွက်ရှိပါတယ်၊ စိုက်ပျိုးတောင်သူတွေအနေနဲ့ အကျိုးရှိပါတယ်၊ ဘာကြောင့်လည်းဆိုတော့ သက်တမ်းတိုတယ်၊ ရေသုံးစွဲမှုနည်းတယ်၊ သုံးလ၊ သုံးလခွဲနဲ့ စပါးပြန်ပေါ်တယ်ဟု စပါးသုတေသနဌာနခွဲ၊ ညွှန်ကြားရေးမှူး ဒေါ်မွှေးမွှေးကပြောသည်။

ယခု ထုတ်လုပ်လိုက်သော စပါးမျိုးများအား ကုမ္ပဏီအနေဖြင့် အလွယ်တကူ ဝယ်ယူရရှိစေရန် သက်ဆိုင်ရာရုံးခွဲ များတွင် ရောင်းချပေးလျက်ရှိကြောင်း၊ မြို့နယ်အလိုက် ကိုယ်စားလှယ်များထံမှ တဆင့်ဝယ်ယူနိုင်ရန် စီစဉ်ထားရှိကြောင်းနှင့် ဆက်လက်၍ GW-2, GW-3, GW-11 မျိုးများကို စမ်းသပ်ထုတ်လုပ်နိုင်ခဲ့ပြီဖြစ်၍ မှတ်ပုံတင်ရရှိရန် တင်ပြထားကြောင်း သိရသည်။

**Source:** http://www.mizzimaburmese.com/article/62142

## သီလဝါအထူးစီးပွားရေးဇုန်တွင် တစ်နေ့လျှင် တန်ချိန် ၁၂၀၀ အထိ ထုတ်လုပ်နိုင်မည့် မြန်မာနိုင်ငံ၏ အကြီးဆုံးဆန်စက်ရုံအား Wilmar Myanmar မှ တည်ဆောက်မည်



သီလဝါအထူးစီးပွားရေးဇုန်တွင် တစ်နေ့လျှင် တန်ချိန် ၁၂၀၀ အထိ ထုတ်လုပ်နိုင်မည့် မြန်မာနိုင်ငံ၏ အကြီးဆုံးဆန်စက်ရုံအား Wilmar Myanmar မှ တည်ဆောက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ Wilmar Myanmar သည် သီလဝါအထူးစီးပွားရေးဇုန်တွင် တစ်နေ့လျှင် ၄၆၀ မက်ထရစ်တန်ထွက်သည့် စားသုံးဆီထုပ်ပိုးပြုလုပ်သည့် စက်ရုံနှင့် ၅၃၀ မက်ထရစ်တန်ထွက် ဂျုံစက်ရုံအား အောက်တိုဘာ ၂၇ ရက်က ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါဂျုံစက်ရုံနှင့် စားသုံးဆီထုပ်ပိုး ပြုလုပ်သည့် စက်ရုံဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ၏ အကြီးမားဆုံးဖြစ်လာမည့် ခေတ်မီအဆင့်မြင့် ဆန်စက်ရုံဆောက်လုပ်ရန် မြေပန္နက်ရိုက်ဖွင့်ပွဲအခမ်းအနားကိုလည်း ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

အဆိုပါဆန်စက်ရုံအား တည်ဆောက်ပြီးစီးပါက မြန်မာနိုင်ငံတွင် အကြီးဆုံးဆန်စက်ရုံတစ်ခု ဖြစ်လာမည်ဖြစ်ပြီး အရည်အသွေးမီဆန်များအား ကြိတ်ခွဲကာ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပနိုင်ငံများအထိပါ သီလဝါဆိပ်ကမ်းမှတစ်ဆင့် တင်ပို့နိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံက အရှေ့တောင်အာရှမှာ ဒုတိယမြောက်မြေဧရိယာအကျယ်အဝန်းရှိ နိုင်ငံဖြစ်ပြီး မြေဆီမြေသြဇာကောင်းမွန်ခြင်း၊ မိုးရေချိန်များပြားခြင်းစတဲ့ ကောင်းကျိုးများအပြင် ထက်မြက်ပြီးအလုပ်ကြိုးစားကြတဲ့ လူဦးရေ ၅၄ သန်းလည်းပိုင်ဆိုင်ပါတယ်။ မြန်မာနိုင်ငံရဲ့ တိုးတက်မှုမြန်ဆန်တဲ့ စီးပွားရေးနဲ့ စိုက်ပျိုးရေးအလားအလာကောင်းတွေကို ကျွန်တော်တို့ အပြည့်အဝယုံကြည်ပါတယ်။ အဲဒီအလားအလာကောင်းတွေကို အကောင်အထည်ဖော်ဖို့အတွက် ပြည်တွင်းစိုက်ပျိုးရေးသွင်းကုန်တွေအပြင် ပြည်တွင်းပြည်ပ ဈေးကွက်တွေကိုပါပြည့်ဝပြီး အကျိုးများတဲ့ အဆင့်မြင့်ပေါင်းစပ်ထုတ်လုပ်မှု ပုံစံဖော်ဆောင်ခြင်းက အဲဒီအလားအလာကောင်းတွေကို ပုံဖော်နိုင်ဖို့ အကောင်းဆုံးနည်းလမ်းဖြစ်ပါတယ်ဟု Wilmar International Limited ၏ CEO ဖြစ်သူ Mr. Kuok Khoon Hong က ဖွင့်ပွဲအခမ်းနားတွင် ပြောကြားသည်။

ယင်းပြင် Wilmar Myanmar သည် သီလဝါဆိပ်ကမ်းတွင် နိုင်ငံတကာအဆင့်မီ အထွေထွေကုန်စည် ကောက်ပဲသီးနှံ တင်ချဆိပ်ခံတံတားနှင့် ကုန်သေတ္တာတင်သင်္ဘောများ ဆိုက်ကပ်နိုင်မည့် ဆိပ်ကမ်းဖြစ်သည့် Wilmar Jetty အား ၂၀၁၈ ခုနှစ် မတ် ၂၅ ရက်က ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ မြန်မာ့ဆိပ်ကမ်းအာပိုင်နှင့် စင်ကာပူနိုင်ငံအခြေစိုက် Wilmar Co. Ltd တို့အကြား BOT စနစ်ဖြင့် ဆောင်ရွက်နေသည့် သီလဝါဆိပ်ကမ်းဒေသရှိ Wilmar Jetty ၌ အထွေထွေကုန်စည်တင်သင်္ဘောများပါ ဆိုက်ကပ်၍ ဆိပ်ကမ်းလုပ်ငန်းများ လက်ခံဆောင်ရွက်နေကြောင်းသတင်းရရှိသည်။ Wilmar Jetty သည် ပထမအဆင့် ဆိပ်ကမ်းတည်ဆောက်မှုပြီးစီး၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ဆိပ်ကမ်းစီမံကိန်းတစ်ခုလုံးအား ၂၀၂၂ ခုနှစ်တွင် အပြီးသတ်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

သီလဝါဆိပ်ကမ်းဒေသရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မြေကွက်များတွင် နိုင်ငံတကာအဆင့်မီ အထွေထွေကုန်စည် ကောက်ပဲသီးနှံ တင်ချဆိပ်ခံတံတားနှင့် ဆိပ်ကမ်းဆိုင်ရာ အဆောက်အအုံတည်ဆောက်ရန် Wilmar Myanmar Port Terminals မှ ၄ားရမ်းလုပ်ကိုင်ခွင့်ရရှိခဲ့ခြင်းဖြစ်ပြီး စီမံကိန်းအကောင်အထည်ဖော်နိုင်ရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု

ကော်မရှင်ခွင့်ပြုချက်အား ရရှိလုပ်ကိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ လုပ်ငန်းများကို ၂၀၁၂ ခုနှစ်တွင် စာချုပ်လက်မှတ်ရေးထိုးပြီး ၂၀၁၆ ခုနှစ် မတ်လတွင်စတင်ကာ သီလဝါဇုန်၊ ဆိပ်ကမ်းမြေကွက်အမှတ် ၂၀ နှင့် ၂၁ တွင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ ရင်းနှီးမြှုပ်နှံမှုစုစုပေါင်း အမေရိကန်ဒေါ်လာ ၇၉ သန်းရင်းနှီးမြှုပ်နှံသွားမည်ဟုသိရသည်။ Wilmar Jetty သည် စုစုပေါင်း အလျား ၂၃၄ မီတာ၊ အကျယ် ၂၅ မီတာရှိပြီး ထပ်မံ၍ ဆိပ်ခံတံတားအရှည် ၃၉၀ မီတာအထိ တည်ဆောက်သွားမည်ဖြစ်ကာ ရေအနက် ၁၃ မီတာရှိကြောင်းသိရသည်။ သင်္ဘောအရွယ် ၄၉၀၀၀ DWT ရှိ သင်္ဘောကြီးများ ဆိုက်ကပ်နိုင်သည်အထိ ဆောက်လုပ်သွားမည်ဟုသိရသည်။

**Source:** https://news-eleven.com/article/142585

## ရခိုင်ပြည်နယ်တွင် ကြက်သွန်နီဈေးနှုန်းမြင့်တက်နေ

ရခိုင်ပြည်နယ်မှာ ကြက်သွန်နီတစ်ပိဿာကို ကျပ်(၉၀၀)ဝန်းကျင်သာရှိခဲ့ရာကနေ ကျပ်(၁၃၀၀)ကျော်အထိ ဈေးနှုန်းမြင့်တက်နေပါတယ်။ ပြည်တွင်းက ကြက်သွန်နီတွေကို နိုင်ငံခြားတင်ပို့ရောင်းချမှုများလာတဲ့အတွက် ရခိုင်ပြည်နယ်တွင်းမှာ စားသုံးဖို့ဝယ်ယူကြတဲ့ ကုန်သည်တွေကလည်း ဈေးကြီးပေးနေရတာကြောင့် ကြက်သွန်နီဈေးတက်တာလို့ ကုန်သည်တစ်ဦးဖြစ်တဲ့ ဒေါ်ခင်စောဦးကပြောပါတယ်။ အရင်က ရေနံချောင်း၊ ဆိပ်ဖြူဘက်ကထွက်တဲ့ ကြက်သွန်နီတွေကို စစ်တွေမြို့က တစ်ဆင့် နိုင်ငံခြားတင်ပို့ရောင်းချတာဖြစ်ပေမယ့် ၂၀၁၇ ခုနှစ်နောက်ပိုင်းမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်က ပိုမိုဝယ်ယူလာတဲ့အခါ အလုပ်သမားအခက်အခဲရှိလာတာကြောင့် ပြည်တွင်းကနေ တိုက်ရိုက်ကုန်သွယ်မှုတွေ ပြုလုပ်လာကြတာပဲဖြစ်ပါတယ်။

ရခိုင်ပြည်နယ်ကတစ်ဆင့် နယ်စပ်ကုန်သွယ်ဖို့အတွက်ရှိနေတဲ့ အခက်အခဲတွေနဲ့ပတ်သက်လို့ မောင်တောနယ်စပ်ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းက အခုလိုပြောပါတယ်။ အလုပ်သမားကရှိနေရင် ကုန်တင်ကားက မရောက်သေးဘူး။ ကုန်ချမယ့်ကားလည်းရှိနေတယ်။ အလုပ်သမားလည်းရှိနေတယ်ဆိုရင် ဒီရေကျနေတဲ့အတွက် စက်လှေက ဆိပ်ကမ်းထဲမှာ အိပ်လို့မရဘူးလို့ ဦးအောင်မြင့်သိန်းကဆိုပါတယ်။ ပြည်တွင်းက ကြက်သွန်နီတွေကို များသောအားဖြင့် စစ်တွေ-ရန်ကုန်ကားလမ်းကတစ်ဆင့် အငူမော်-မောင်တောလမ်းအတိုင်း ကုန်းလမ်းပို့ဆောင်သလို တောင်ကုတ်ကနေ မောင်တောအထိ ရေကြောင်းလမ်းအတိုင်း သယ်ယူကြတာတွေလည်းရှိပါတယ်။

**Source:** https://www.facebook.com/onenewsmyan/

## အရည်အသွေးပိုင်း ထိန်းထားနိုင်ရင် နှမ်းဈေးပိုတက်လာနိုင်



နှမ်းတွေ အဝင်ပါးနေတာကြောင့် ဈေးပြန်တက်လာပေမဲ့ အရည်အသွေးပိုင်းသာ ထိန်းထားနိုင်ရင် ဒီထက်ပိုတက်လာမယ်လို့ မကွေးကုန်စည်ဒိုင် အတွင်းရေးမှူး ဦးကျော်ထွန်းက ပြောပါတယ်။ ဦးကျော်ထွန်းက နှမ်းဈေး က အဝင်ပါးလို့ တက်လာတာပါ၊ အခုက ကွာလတီစကား ပြောနေ တယ်၊ ကွာလတီကောင်းရင် ဈေးကောင်းမယ်၊ ကွာလတီကောင်းရင် နည်းနည်းမာသွားနိုင်တယ်လို့ ပြောပါတယ်။ နှမ်းနက်စမုန် ၄၅ ပိဿာဝင် တစ်အိတ်ကို အရင်တစ်ပတ်က ကျပ် ၂၄၅၀၀၀ ရှိပြီး ဒီတစ်ပတ်မှာတော့ တစ်အိတ်ကို ကျပ် ၂၅၁၀၀၀ ရှိပါတယ်။ တစ်အိတ်ကို ကျပ် ၆၀၀၀ လောက် ဈေးတက်လာတာပါ။ ဂုနက် ရိုးရိုး ၄၅ ပိဿာဝင်တစ် အိတ်ကို အရင်တစ်ပတ်က ကျပ် ၂၂၀၀၀၀ ရှိပြီး၊ ဒီတစ်ပတ်မှာ တစ်အိတ်ကို ကျပ် ၂၂၃၀၀၀ ကို တက်သွားပါတယ်။ တစ်အိတ်ကို ကျပ် ၃၀၀၀ တက်လာပါတယ်။

နှမ်းဖြူတစ်အိတ်ကို အရင်တစ်ပတ်က ကျပ် ၁၄၇၀၀၀၊ ၁၅၄၀၀၀ ကြားရှိပြီး ဒီတစ်ပတ်မှာတော့ တစ်အိတ် ကို ကျပ် ၁၅၂၀၀၀၊ ၁၅၈၀၀၀ ရှိပါတယ်။ တစ်အိတ်ကို ကျပ် ၅၀၀၀၊ ၄၀၀၀ တက်လာပါတယ်။ နှမ်းဖြူ (ရေသွင်း) ၄၅ ပိဿာ ဝင် တစ်အိတ်ကို အရင်တစ်ပတ်က ကျပ် ၁၄၀၀၀၀၊ ၁၄၈၀၀၀ ကနေ ဒီတစ်ပတ်မှာ တစ်အိတ်ကို ကျပ် ၁၄၇၀၀၀၊ ၁၅၂၀၀၀ ကို တက်သွားပါတယ်။ တစ်အိတ်ကို ကျပ် ၇၀၀၀၊ ၄၀၀၀ တက်သွား တာ ဖြစ်ပါတယ်။ နှမ်းနီ၄၅ ပိဿာဝင်တစ်အိတ် ကို

ကျပ် ၁၄၀၀၀၀ ရှိပြီး၊ ဒီတစ်ပတ်မှာတော့ တစ်အိတ်ကို ကျပ် ၁၄၂၀၀၀ ရှိပါတယ်။ တစ်အိတ်ကို ကျပ် ၂၀၀၀ တက်သွားပါတယ်။ နှမ်းညိုကြားတစ်အိတ်ကို အ ရင်တစ်ပတ် က ကျပ် ၁၃၈၀၀၀ ရှိပြီး၊ ဒီတစ်ပတ်မှာလည်း တစ်အိတ်ကို ကျပ် ၁၄၀၀၀၀ ကို တက်သွားပါတယ်။ တစ်အိတ်ကို ကျပ် ၂၀၀၀ တက်လာပါတယ်။ နှမ်းတွေကို တရုတ်ဘက်က အဝယ်လိုက်နေပါတယ်။ ပုံမှန်အဝယ်လိုက်နေတာဖြစ်ပါ တယ်။ ဈေးအနည်းငယ်ပြန်တက်လာတာဟာ ဝယ်လိုအား အရမ်းတက်လာလို့ မဟုတ်ဘဲ နှမ်းအဝင်နည်းသွားတာကြောင့်လို့ ဦးကျော်ထွန်းက သုံးသပ်ထားပါတယ်။ နှမ်းဈေးက ရှေ့ဆက်ပြီးကျဖို့ တော့မရှိပါဘူး။ အရည်အသွေးကို ဂရုစိုက် နိုင်ရင်သာ ဈေးကဆက်တက်မှာလို့ဆိုပါတယ်။ မကွေးမြို့ပေါ်မှာ တစ်နေ့ကို နှမ်းမျိုးစုံအိတ်အရေအတွက် ၂၅၀၀ ကနေ ၂၈၀၀ အထိ အရောင်းအဝယ်ဖြစ်တယ်လို့ မကွေးကုန်စည်ဒိုင်ဈေးကွက်ကသိရပါတယ်။

**Source:** https://www.kumudranews.com/news-

## ဈေးကွက်သုတေသနအချက်အလက်များကို နိုင်ငံခြားကုမ္ပဏီများက အများဆုံးဝယ်ယူ

ဈေးကွက်ဆိုင်ရာသုတေသနအချက်အလက်များကို မြန်မာနိုင်ငံသားကုမ္ပဏီများထက် နိုင်ငံခြားကုမ္ပဏီတွေကသာ အများဆုံးဝယ်ယူမှုရှိကြောင်း ဈေးကွက်သုတေသနအသင်းထံကသိရသည်။ ဈေးကွက်သုတေသနရယ်၊ စားသုံးသူနဲ့ ပက်သက်တဲ့ သုတေသနရယ် နှစ်ခုရှိတယ်။ များသောအား ဖြင့် ပြည်တွင်းမှာရှိတဲ့သူတွေက စားသုံးသူအကြောင်းကိုပဲ သိချင်တဲ့ အတွက်ကြောင့် စာသုံးသူနဲ့ပက်သက်တဲ့ သုတေသနကိုလုပ်ကြတာများပါတယ်။ ဈေးကွက်ကိုစပြီးလုပ်တဲ့သူကျတော့ နိုင်ငံခြားကုမ္ပဏီတွေကများပါတယ်။ သူတို့က မြန်မာပြည်မှာလာပြီးတော့ ရင်းနှီးမြှပ်နှံမှုလုပ်ချင်တယ်။ မြန်မာနိုင်ငံရဲ့ အခြေအနေကိုသိချင်တဲ့အခါကျရင် လာအပ်တာများပါတယ်ဟု ဈေးကွက်သုတေသနအသင်း အတွင်းရေးမှူး ဦးအောင်မင်းက ဆိုသည်။

ဈေးကွက်သုတေသနအသင်းမှာ မြန်မာနိုင်ငံ၏စားသုံးသူဈေးကွက်၊ ထုတ်ကုန်၊ ဝန်ဆောင်မှုဆိုင်ရာ ဈေးကွက် သုတေသနပြုလုပ်ချက်တွေကို ပြည်တွင်း ၊ ပြည်ပကုမ္ပဏီများအတွက် ဝန်ဆောင်ခရယူပြီး ဆောင်ရွက်ပေးနေသည့် အသင်း တစ်ခုဖြစ်သည်။ အဆိုပါအသင်းသို့ ဈေးကွက်သုတေသနအချက်အလက်နှင့်ပက်သက်ပြီး လာရောက်အပ်နှံမှုများ၏ ၈၀ ရာခိုင်နှုန်းမှာ နိုင်ငံခြားကုမ္ပဏီများဖြစ်ကြောင်းသိရပြီး၊ စားသုံးသူဆိုင်ရာသုတေသန အချက်အလက်များကို မြန်မာနိုင်ငံ အတွင်းဝင်ရောက်ရင်းနှီးမြှပ်နှံထားပြီးဖြစ်သည့် နိုင်ငံခြားကုမ္ပဏီများနှင့် ပြည်တွင်းကုမ္ပဏီတွေက အပ်နှံမှုများကြောင်း ယင်းအသင်းမှသိရသည်။ ကြော်ညာတစ်ခုလုပ်ရင်ကို အများကြီးကွာတယ်လေ၊ ကြော်ညာအတွက်သုံးလို့ရတဲ့ အကျိုးကျေးဇူး၊ စားသုံးသူကို Massage ပေးတာပေ့ါ၊ အဲဒီပေးရတဲ့ကုန်ကျစရိတ်နဲ့ ပြန်ရတဲ့အကျိုးကျေးဇူးကိုချိန်ဆတယ်။ Market Reserch ကြောင့် ကုန်ကျမဲ့စရိတ် ဒါတွေကိုပြန်ချိန်ဆကြတယ်။ အများစုကတော့ ဈေးကွက်သုတေသနကို ကိုယ်ဘာသာလုပ်နိုင်တယ် လို့ပဲ ယူဆကြတယ်ဟုဦးအောင်မင်းက ဆက်လက်ပြောဆိုသည်။ ပြည်တွင်း၊ ပြည်ပကုမ္ပဏီများအနေဖြင့် အစိုးရ၏မူဝါဒနှင့် ဈေးကွက်အပေါ်တွင်မူတည်၍ Market Reserch အချက်အလက်များကို ရယူကြခြင်းဖြစ်ကြောင်းသိရသည်။

**Source:** http://www.mizzimaburmese.com/article/62044

## တရုတ်မျိုးပေးစိုက်ခိုင်းသည့် နံ့စားပြောင်း(အနီ) မန္တလေးဈေးကွက်အတွင်း ဝင်ရောက်မှုရှိသော်လည်း တရုတ်ဝယ်လက်များ လောလောဆယ်ဝယ်ယူမှုမရှိသေး

ဖရဲ၊ သခွားသီးနှံများကဲ့သို့ မြင်းခြံတောင်သာနယ်များတွင် တရုတ်မျိုးပေးပြီး စိုက်ပျိုးခိုင်းထားသည့် နံ့စားပြောင်း(အနီ)များ မန္တလေးပဲဈေးကွက်အတွင်း ဝင်ရောက်လာသော်လည်း မြန်မာရှိရင်းစွဲမျိုး နံ့စားပြောင်း (အနီ)များကိုသာ တရုတ်ဝယ်လက် များက ရသလောက်ဝယ်ယူနေပြီး တရုတ်မျိုးပေးစိုက်ခိုင်းသည့် နံ့စားပြောင်း(အနီ) က အရောင်မကြိုက်၍ မန္တလေး ဈေးကွက်အတွင်း လောလောဆယ် တရုတ်ဝယ်လက်များ ဝယ်ယူမှုမရှိသေးကြောင်း မန္တလေးမြို့ ပဲကုန်သည်များထံက သိရသည်။ ယခင်က မြန်မာပြည်ထွက်အထွက်တိုးပြောင်းများကို တိရစ္ဆာန်အစားအစာစိုက်ပျိုးထုတ်လုပ်ကြပြီး ယခုနောက်ပိုင်း တွင် အဆိုပါအထွက်တိုးပြောင်းနှင့် အရက်ချက်လုပ်ရကြောင်းကိုသိရှိလာကြပြီး အရက်အရည်အသွေးမှာလည်း ကောင်းမွန်

သဖြင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်ရှိ အရက်ချက်စက်ရုံများမှ အထွက်တိုးပြောင်းကို ဝယ်ယူခြင်းကြောင့် ကာလတူ ယခင်နှစ်များထက် ဈေးရနေကြောင်း တရုတ်မျိုးပေးစိုက်ခိုင်းသည့် နံ့စားပြောင်း(အနီ)မှာအရောင်က အနီမဟုတ် သည့်အတွက် တရုတ်ဝယ်လက်တွေက လောလောဆယ် ဝယ်ယူမှုမရှိသေးကြောင်း မန္တလေးမြို့ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောကြားသည်။

မန္တလေး ပဲဈေးကွက်ထဲတွင် ၂၀၁၉ ကုန် အသစ်ပေါ်သည့် ရာသီတွင် အထွက်တိုး ပြောင်း(သို့မဟုတ်) နံ့စားပြောင်း(အနီ) က ကုန်သစ်အနေဖြင့် စတင်ဝင်ရောက်လာပါတယ်။ နံ့စားပြောင်း(အနီ) ကို မြန်မာပြည် အလယ်ပိုင်း မိုးရာသီမှာ စိုက်ပျိုးပြီး သီတင်းကျွတ်၊ တန်ဆောင်မုန်းလများတွင် စတင်ထွက်ရှိပါတယ်။ အရင်တုန်းက အထွက်တိုးပြောင်းကို မြန်မာနိုင်ငံမှာ နွားစာအဖြစ်သာ စိုက်ပျိုးကြတယ်။ ကျွန်တော် ၂၀၀၀ ခုနှစ် လောက်ကစပြီး အထွက်တိုးပြောင်းကို တရုတ်ပြည်မှ အရက်ချက် လုပ်ရန် ဝယ်ယူလာတာ နှစ်ပေါင်း ၂၀ လောက်ရှိပြီး မန္တလေးပဲ ဈေးကွက်မှာ ပေါ်ပေါ်ချင်း အထွက်တိုးပြောင်းသုံးတင်းတစ်အိတ် (၅၃ ပိဿာဝင်) ကို ၂၈၀၀၀ ဈေးပေါက်တယ်။ အခုရက်ပိုင်းအတွင်း တရုတ်ဝယ်လက်များ ရသလောက် ဝယ်ယူမှုကြောင့် ယနေ့ ဈေးသုံးတင်းတစ်အိတ်ကို ၃၀၀၀၀ ဈေးပေါက်နေတယ်။ ဈေးက ပိုတက်နိုင်တယ်။ ရာသီဥတုက ယခုနှစ်တွင် မိုး နည်းပါးမှုကြောင့် အထွက်တိုးပြောင်း အထွက်နှုန်းမကောင်းဘူး။ အခုရက်ပိုင်း မန္တလေး ဈေးကွက်ထဲကို ကျောက်ဆည်၊ ကူမဲ၊ မြစ်သား၊ သဲတော၊ ဝမ်းတွင်းနယ်များက စတင်ဝင်ရောက်နေတယ်။ အများဆုံးစိုက်ပျိုး ကြသည့် နယ်များက မြင်းခြံ ၊တောင်သာ ၊ မလိုင်၊ မုံရွာ၊ ချောင်းဦး၊ မြင်းမူ ၊ ပခုက္ကူ ၊ ရေ စကြို စသည့် မြန်မာအလယ်ပိုင်း မန္တလေးတိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်း တို့မှာ အဓိကစိုက်ပျိုးကြတယ်။ မနှစ်က ကာလတူအချိန်ဈေးက တိုက်တိုက်ဆိုင်ဆိုင်၂၈၀၀၀ ဈေးတူနေတယ်။ အခု ရက်ပိုင်းမှာ ရိုးရိုးဖူးစား ပြောင်း (စီပီပြောင်း) ဈေးအမြင့်ဆုံးမှာ ကျပ်၂၀၀၀၀ ဈေးရှိတယ်။ အထွက်တိုးပြောင်းက ရိုးရိုးဖူးစာပြောင်းထက် ဈေးကျပ် ၈၀၀၀ လောက် မြင့်တက်နေတယ်။ တောင်သူအနေနဲ့ ဖူးစားပြောင်းနဲ့ နံ့စားပြောင်းပါ။ ဈေးနှုန်းမြင့်တက်နေလို့ ဈေးကောင်းရတဲ့နှစ်လို့ ပြောလို့ရတယ်ဟု ၎င်းကဆက်လက်ပြောကြားသည်။

နံ့စားပြောင်း (အနီ) သီးနှံမှာ တစ်နှစ်လျှင် တစ်ရာသီသာထွက်ရှိပြီး ယခုလိုဆောင်းရာသီ၌ တရုတ်နိုင်ငံတွင် ကျန်းမာရေး အရ နံ့စားပြောင်း(အနီ)ကို အရက်ချက်လုပ်ရာတွင် အသုံးပြုကြသည့်အပြင် မြန်မာနိုင်ငံ၌လည်း မိုးကုတ်၊ မိုးမိတ်နှင့်မိုင်းလုံ ဒေသတို့ တွင် လီရှောလူမျိုးများကလည်း အရက်ချက်လုပ်၍ သောက်သုံးကြကြောင်းသိရသည်။ အထွက်တိုးပြောင်းမှာ မတ်ပဲ၊ ပဲစင်းငုံ သီးနှံများလို တစ်နှစ်လျှင်တစ်ခါသာ စိုက်ပျိုးရသည့်သီးနှံဖြစ်ပြီး လက်ရှိတွင် စတင်ထွက်ပေါ်နေပြီဖြစ်ကြောင်း နှင့် ပြည်ပပို့ကုန်အနေဖြင့်လည်း တင်ပို့၍ရနေသည့်အတွက် အလားအလာကောင်းသောသီးနှံဖြစ်သဖြင့် တောင်သူများ အနေဖြင့် တိုးချဲ့စိုက်ပျိုးနိုင်ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/142567

## ကုန်စည်များပေါ်တွင် မြန်မာဘာသာဖြင့်ဖော်ပြရမည့် အမိန့်ကြော်ငြာစာပါအချက်များ ၂၀၂၀ ပြည့်နှစ် မတ် ၁၅ ရက်မှစ၍ အာဏာသက်ရောက်မည်

စားသုံးသူများ ဘေးကင်းလုံခြုံ စေရန်အတွက် ကုန်စည်များအပေါ်တွင် သုံးစွဲပုံနှင့်ပတ်သက်သည့် သတင်းအချက်အလက် သို့မဟုတ် ညွှန်ကြားချက်များကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့်အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြရန်လိုအပ်သည့် အမိန့်ကြော်ငြာစာကို ၂၀၁၈ ခုနှစ် အောက်တိုဘာ ၂၆ ရက် က ထုတ်ပြန်ခဲ့ပြီး ပြင်ဆင်ချိန်ကာလ ခြောက်လ သတ်မှတ်ခဲ့ သော်လည်း ၂၀၁၉ ခုနှစ် မတ် ၁၅ ရက်တွင် နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးထုတ်ပြန်သည့် စားသုံးသူကာကွယ်ရေး ဥပဒေ အသစ်တွင် ဆိုင်းငံ့ကာလ တစ်နှစ်ပေးခဲ့သည့်အတွက် တစ်နှစ်ပြည့်မြောက်သည့် ၂၀၂၀ ပြည့်နှစ် မတ်၁၅ ရက်မှစ၍ အာဏာ သက်ရောက်မည်ဖြစ်ကြောင်း စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီမှသိရသည်။

ယင်းဥပဒေသစ်တွင် စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိနိုင်စေရန်၊ စားသုံးသူကာကွယ်ရေးနှင့်စပ်လျဉ်း၍ အသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရန်၊ စားသုံးသူကာကွယ်ရေးနှင့်ပတ်သက်၍ တိကျမှန်ကန် ရှင်းလင်းသည့် သတင်းအချက်အလက်များ ဖြန့်ဝေအသိပေးခြင်းများကို ဆောင်ရွက်နိုင်စေရန်၊ စားသုံးသူများ ဘေးအန္တရာယ် ကင်းရှင်းရေး၊ ကျန်းမာရေး၊ စိတ်ကျေနပ်မှုရရှိစေရေးတို့အတွက် အာမခံချက်ပေးနိုင်သော အရည်အသွေးမြင့်မားသည့် ကုန်စည်

သို့မဟုတ် ဝန်ဆောင်မှုများကို ဖော်ဆောင်ဖြည့်ဆည်းနိုင်ရန်၊ စားသုံးသူကာကွယ်ရေးနှင့်ပတ်သက်၍ စီးပွားရေး လုပ်ငန်းရှင်ဘက်မှလည်း ဥပဒေနှင့်အညီဆောင်ရွက်စေရန်၊ စားသုံးသူတို့ကို ဘေးအန္တရာယ်ကင်းရှင်းမှုမရှိသော ကုန်စည်သို့မဟုတ် ဝန်ဆောင်မှုများနှင့် ယင်းတို့ကိုသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာသော နစ်နာဆုံးရှုံးမှုများကိုလည်း ကာကွယ်ပေးရန် စသည့်ရည်ရွယ်ချက်များပါဝင်သည်။ ဒီအမိန့်ကြော်ငြာစာနဲ့ပတ်သက်ပြီး အဓိကအသိပေးလိုတာက ကျွန်တော်တို့အဖွဲ့နဲ့ ညှိနှိုင်းပြီးတော့ ကုန်ပစ္စည်းအုပ်စုကိုးမျိုးကို အမိန့်ကြော်ငြာစာပါအတိုင်း လိုက်နာဖို့ထုတ်ပြန်ထားပါတယ်။ ကုန်ပစ္စည်းအုပ်စုကိုးမျိုးထဲမှာ အစားအသောက်တွေ၊ အိမ်သုံးပစ္စည်းတွေ၊ ကလေးအသုံးအဆောင်ပစ္စည်းတွေ၊ ဆက်သွယ်ရေးသုံးပစ္စည်းတွေ၊ လူသုံးကုန်ပစ္စည်းတွေ၊ ဆေးဝါးနဲ့ဖြည့်စွက်စာတွေ၊ ဓာတုဗေဒပစ္စည်းတွေ၊ အလှကုန်ပစ္စည်းတွေ၊ လုပ်ငန်းသုံးပစ္စည်းကိရိယာတွေဖြစ်ပါတယ်။ အဲဒီကိုးမျိုးအောက်မှာ အကျုံးဝင်တဲ့ပစ္စည်းတွေမှာ အမိန့်စာပါညွှန်ကြားချက်တွေကို မဖြစ်မနေထည့်သွင်းဖော်ပြရပါမယ်ဟု စားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဆွေတင့်ကြူးကဆိုသည်။

စားသုံးသူ အကာအကွယ်ပေးရေး ဗဟိုကော်မတီသည် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပုဒ်မ ၃၁၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အဆိုပါအမိန့်ကြော်ငြာစာကို ထုတ်ပြန်ခြင်းဖြစ်ကြောင်း၊ ယင်းအမိန့်ကြော်ငြာစာအရ စီးပွားရေးလုပ်ငန်းရှင်သည် ကုန်စည်များ ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းတို့ပြုရာတွင် စားသုံးသူဘေးကင်းလုံခြုံရေးအတွက် ကုန်စည်များတွင် သုံးစွဲပုံနှင့်ပတ်သက်သော သတင်းအချက်အလက် သို့မဟုတ် ညွှန်ကြားချက်များကို မြန်မာ ဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့်အခြား ဘာသာတွဲလျက်ဖြစ်စေဖော်ပြရန်လိုအပ်ကြောင်းနှင့် စားသုံးသူဘေးကင်းလုံခြုံရေးအတွက် ကုန်စည်များကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့်အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြရမည့် ဦးစားပေးကုန်စည်များ၌ သုံးစွဲပုံအညွှန်း၊ ထားသိုသိမ်းဆည်းပုံအညွှန်း၊ ဓာတ်မတည့်ကြောင်းဖော်ပြချက်နှင့် ကြိုတင်သတိပေးချက်၊ ဘေးထွက်ဆိုးကျိုးများကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့်အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြရမည်ဟု အမိန့်ကြော်ငြာစာတွင် ဖော်ပြထားသည်။

စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ၂၀၁၄ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေတွင် စားသုံးသူများ နစ်နာဆုံးရှုံးမှုများအပေါ် ပြည့်ဝစွာကာကွယ်ပေးနိုင်ရေးနှင့် ကျင့်ဝတ်နှင့်မညီသော စီးပွားရေးလုပ်ငန်းများအပေါ် စစ်ဆေးအရေးယူနိုင်ရေးအတွက် အားနည်းချက်များရှိခဲ့ခြင်းကြောင့် စားသုံးသူကာကွယ်ရေး ဥပဒေသစ်ကို ပြင်ဆင်ရေးဆွဲခဲ့ခြင်းဖြစ်သည်။

**Source:** https://news-eleven.com/article/142351

## လက်ရှိဘဏ္ဍာနှစ်အစပိုင်းတွင် ပြည်ပသို့ ဆန်တင်ပို့မှုဈေးကွက်သစ်အဖြစ် အာဖရိကနိုင်ငံတစ်ခုဖြစ်သော ဘာကီနာဖာနိုင်ငံသို့ တိုးချဲ့တင်ပို့နိုင်ခဲ့ကြောင်းသိရ

လက်ရှိဘဏ္ဍာနှစ်အစပိုင်းတွင် ပြည်ပသို့ ဆန်တင်ပို့မှုဈေးကွက်အသစ်အဖြစ် အာဖရိကနိုင်ငံတစ်ခုဖြစ်သော ဘာကီနာဖာနိုင်ငံသို့ တိုးချဲ့တင်ပို့နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။ မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတင်ပို့ရာ၌ ပင်လယ်ရေကြောင်းနှင့် နယ်စပ်နှစ်ခုလုံးမှ တင်ပို့နေခြင်းဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ပင်လယ်ရေ ကြောင်းမှ ဆန်တင်ပို့ရာတွင် အာရှ၊ အာဖရိ က၊ အီးယူ၊ ယူအေအီးနိုင်ငံများသို့ တင်ပို့နေခြင်းဖြစ်သည်။ လက်ရှိ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အစ အောက်တိုဘာ ၁ ရက်မှ ၁၁ ရက်အထိ နှစ်ပတ်အတွင်း ပြည်ပသို့ဆန်တင်ပို့ရာတွင် အာဖရိကနိုင်ငံဖြစ်သော ဘာကီနာဖာနိုင်ငံသို့ ဈေးကွက်တိုးချဲ့တင်ပို့နိုင်ခဲ့ခြင်းဖြစ်သည်။ နိုင်ငံတကာဆန်ဈေးကွက် ရှာဖွေရေးအတွက် တရုတ်၊ ဖိလစ်ပိုင်နှင့် အာဖရိကနိုင်ငံများသို့ နိုဝင်ဘာနှင့် ဒီဇင်ဘာလများအတွင်း ဈေးကွက်ရှာဖွေရေးအဖွဲ့များ သွားရောက်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန် မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှသိရသည်။

အောက်တိုဘာ ၂၂ ရက်တွင်ပြုလုပ်သည့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် စီမံခန့်ခွဲမှုကော်မတီ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီတို့၏ ပူးတွဲအစည်းအဝေးတွင် စီစဉ်ဆောင်ရွက်ရန် ဆွေးနွေးခဲ့ခြင်းဖြစ်သည်။ အဆိုပါအစည်းအဝေးတွင် ပြည်ပနိုင်ငံများသို့ (International Marketing) ဆန်ဈေးကွက်ရှာဖွေရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့လည်းကောင်း၊ ဖိလစ်ပိုင်နိုင်ငံသို့လည်းကောင်း၊ အာဖရိကနိုင်ငံများသို့လည်းကောင်း၊ နိုဝင်ဘာ၊ ဒီဇင်ဘာလများအတွင်း အဖွဲ့များခွဲ၍ သွားရောက်ရေးကို စီစဉ်ဆောင်ရွက်ကို ဆွေးနွေးခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အတွင်း ဈေးကွက်သစ်များ တိုးချဲ့တင်ပို့နိုင်

ခြင်းကြောင့် ပြည်ပသို့မြန်မာ့ဆန်နှင့်ဆန်ကွဲ တန်ချိန် ၃ ဒသမ ၆ သန်းနီးပါး တင်ပို့နိုင်ခဲ့ပြီး နှစ်ပေါင်း ၅၀ ကျော်အတွင်း စံချိန်တင်တင်ပို့နိုင်ခဲ့ခြင်းဖြစ်သည်။ အဓိကဆန်တင်ပို့မှုဈေးကွက်ဖြစ်သည့် တရုတ်နှင့်အီးယူနိုင်ငံတို့မှ ဝယ်ယူမှုကျဆင်းခဲ့သဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၏ ဆန်နှင့်ဆန်ကွဲတင်ပို့မှုသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ထက် တင်ပို့မှုလျော့ကျခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှသိရသည်။

**Source:** https://news-eleven.com/article/142453

## စပါးအခြေခံဈေးနှုန်းအောက်ကျဆင်းလာပါက လယ်ယာထွက်ကုန် စီမံခန့်ခွဲရေးအဖွဲ့များသို့ အကြောင်းကြားရန်လို

စပါးဈေးနှုန်းများသည် အခြေခံဈေးနှုန်းအောက်ကျဆင်းလာပါက တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအောက်ရှိ လယ်ယာထွက်ကုန်စီမံခန့်ခွဲရေးအဖွဲ့များသို့ အကြောင်းကြားရန်လိုအပ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦးက ပြောကြားထားသည်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့ကို တင်ပြထားမှသာ စပါးဝယ်ယူဖို့ကို ဗဟိုအဖွဲ့က ဆက်လက်ခွင့်ပြုမှာဖြစ်လို့ အကြောင်းကြားကြဖို့လိုအပ်တယ်ဟု ၎င်းကပြောသည်။ အစိုးရက တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ဆန်စပါးဝယ်ယူရေးအဖွဲ့ငယ်များကို ဖွဲ့စည်းပေးထားသလို အစိုးရနှင့်ပုဂ္ဂလိကဏ္ဍမှ တာဝန်ရှိသူများပါဝင်သည့် ကြီးကြပ်ရေးအဖွဲ့များကိုလည်း ဖွဲ့စည်းထားပြီးဖြစ်ကြောင်းနှင့် စပါးဝယ်ယူရေးအစီအစဉ်အတွက် အစိုးရက ရန်ပုံငွေ ကျပ် ၁၅ ဘီလျံ သုံးစွဲသွားရန်ရှိကြောင်းသိရသည်။ အခုလည်း တစ်ချို့နေရာဒေသတွေမှာ စပါးဝယ်ယူပေးဖို့ တိုက်တွန်းဆွေးနွေးနေတယ်။ ဒါပေမယ့် တင်ပြချက်တွေက အခုထိအဆင်သင့်မဖြစ်သေးဘူး။ တကယ်လက်တွေ့ဖော်ဆောင်ဖို့တော့ တွန်းအားပေးနေပါတယ်ဟု ဦးအောင်သန်းဦးက ဆက်လက်ပြောသည်။

စပါးဈေးနှုန်းများသည် အခြေခံဈေးနှုန်းအောက် ကျဆင်းလာပါက ဆန်စပါးဝယ်ယူရေးလုပ်ငန်းစဉ်အတွက် လယ်ယာထွက်ကုန်စီမံခန့်ခွဲရေးအဖွဲ့များက တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်ကော်မတီထံတင်ပြကာ ငွေကြေးထုတ်ယူရမည်ဖြစ်သည်။ ဒီမှာ စပါးဈေးက တင်းတစ်ရာကို ကျပ် ၄၂၀၀၀၀ ကျော်ကျော်လောက်ပဲရတယ်။ ဆန်စက်အရောက် စပါးတွေပို့ပေးမှ ကျပ် ၄၅၀၀၀၀ လောက်ရတာ။ အစိုးရသတ်မှတ်တဲ့ အခြေခံဈေးနှုန်း ငါးသိန်းအောက်နဲ့ တောင်သူတွေရောင်းနေတာကို အစိုးရတွေ ကွင်းဆင်းကြည့်ကြပါဦးဟု သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်မှ ဒေသခံလယ်သမား ဦးကုလားကပြောသည်။

ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ အစိုးရက စပါးအတိုင်းဝယ်ယူပေးရန် တင်ပြထားကြောင်းသိရပြီး လက်ရှိတွင် ပြည်ပသို့ စပါးအတိုင်း တိုက်ရိုက်စမ်းသပ်တင်ပို့ရန်လည်း အစိုးရကစီစဉ်လျက်ရှိသည်။ ပဲခူးတိုင်းဒေသကြီးနဲ့ ဧရာဝတီတိုင်းဒေသကြီးကို တိုင်းဒေသကြီးအစိုးရအဖွဲ့တွေကနေတဆင့် နိုင်ငံတော်ကနေ ရန်ပုံငွေချထားပေးတယ်။ ငါးသိန်းအောက်ရောက်သွားတာနဲ့ ဝယ်ယူပေးဖို့ စီမံချက်ထားဆောင်ရွက်ဖို့ရေးဆွဲနေပြီဟု ဧရာဝတီတိုင်းဒေသကြီးရှိ ဆန်ကုန်သည် ဦးစိုးဝင်းကပြောသည်။

**Sources: The Farmer Journal.**

https://www.facebook.com/myanmaawba/?ref=page_internal

## ရွှေ One Stop Service Center ဖွင့်လှစ်ပြီး တစ်နှစ်ကျော်ကြာကာလအတွင်း ပြည်ပသို့ လေးကြိမ်သာတင်ပို့နိုင်ခဲ့

ရွှေ ၊ ရွှေနှင့်ပြုလုပ်ထားသော လက်ဝတ်ရတနာအသုံးအဆောင်ပစ္စည်းများ တင်ပို့/သွင်းခြင်း One Stop Service Center ဖွင့်လှစ်ပြီး တစ်နှစ်ကျော်ကြာကာလအတွင်း ပြည်ပသို့လေးကြိမ်သာတင်ပို့နိုင်ခဲ့ကြောင်းသိရသည်။ ပြည်ပသို့ တင်ပို့သည့် လေးကြိမ်စလုံးသည် ဂျပန်နိုင်ငံသို့တင်ပို့ခြင်းဖြစ်ပြီး ရွှေများကိုတန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် လက်ဝတ်ရတနာအသေးစားများတင်ပို့ရခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်အသင်းချုပ်ဥက္ကဋ္ဌ ဦးကျော်ဝင်းကပြောသည်။

တစ်နှစ်ကျော်ကြာပြီးတဲ့အချိန်မှာ ပြည်ပကို ရွှေလေးကြိမ်ပဲပို့ရတာဖြစ်လို့ ရာခိုင်နှုန်းအားဖြင့်ပြောရရင် အောင်မြင်မှုနည်းတယ်။ လုပ်ထုံးလုပ်နည်းတွေ စရေးဆွဲချိန်က ဌာနဆိုင်ရာတွေအကုန်ပါဝင်ရေးဆွဲခဲ့ပေမယ့်လည်း လက်တွေ့လုပ်တဲ့အချိန်မှာအခက်အခဲအချို့ရှိနေတယ်ဟုဎင်းကပြောသည်။





ရွှေ၊လက်ဝတ်ရတနာ၊ရွှေဖြင့်ပြုလုပ်သောအနုပညာပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများတင်ပို့/တင်သွင်းခွင့်ပြုရာတွင် နိုင်ငံတကာဈေးကွက်တွင်ဖြစ်ပေါ်နေသောဈေးနှုန်း၊ ဝယ်လိုအားရောင်းလိုအားတို့အရ အချိန်နှင့်တစ်ပြေးညီခွင့်ပြုချက်များရယူဆောင်ရွက်နိုင်ရေးအတွက် ရန်ကုန်မြို့၊ ပြည်သူ့ရင်ပြင်တွင်၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၄ ရက်က ရွှေတင်ပို့/သွင်းခြင်း OSSC ကိုဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ရွှေကိုတန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ပြည်ပသို့တင်ပို့ရာတွင်အခွန်ဆိုင်ရာနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ အခက်အခဲအနည်းငယ်ရှိနေကြောင်း လုပ်ထုံးလုပ်နည်းဆိုင်ရာများကို သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ပြန်လည်ညှိနှိုင်းကာပြင်ဆင်ရမည့်အချက်အလက်များရှိနေကြောင်းသိရသည်။

လက်ရှိတွင် နိုင်ငံတကာသို့ လက်ဝက်ရတနာများတင်ပို့ခြင်း၊ တင်သွင်းခြင်းများဆောင်ရွက်လျှက်ရှိပြီး ယခုလတွင် ကုန်သည်စက်မှုအသင်းချုပ် ၅လွှာရှိ မြန်မာရွှေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီလီမိတက်တွင် ပြောင်းလဲဖွင့်လှစ်ခဲ့သည်။ ရွှေ၊ ရွှေနှင့်ပြုလုပ်ထားသော လက်ဝတ်ရတနာအသုံးအဆောင်ပစ္စည်းများ တင်ပို့/သွင်းခြင်း One Stop Service Center တွင် ရွှေတင်ပို့/တင်သွင်းဆောင်ရွက်မည့် ရွှေလုပ်ငန်းရှင်များသည် အဆိုပါစင်တာ၌ပင်အခွန်ဆောင် ခြင်း၊ရွှေစစ်ဆေးခံခြင်း၊ တင်သွင်း/တင်ပို့ခွင့်လိုင်စင်လျှောက်ခြင်းနှင့် ၎င်းတို့တင်ပို့လိုသောနိုင်ငံသို့အရောက် ပေးပို့နိုင်ခြင်းတို့ကိုတစ်နေရာတည် ဝန်ဆောင်မှုပေးနေခြင်းဖြစ်ကြောင်းသိရသည်။

**Source:** https://www.facebook.com/iseemediamyanmar/posts/532717527547354?__tn__=K-R

## STOCK EXCHANGE (29.10.2019)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 29th Oct. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | -500 | -4.17% | 12,000 | 12,000 | 11,500 | 894 | 10,288,000 | 27,112,747 | 311,797 |
| MTSH | 00002 | 4,000 | +50 | +1.27% | 4,000 | 4,000 | 3,950 | 1,468 | 5,841,000 | 38,929,150 | 155,717 |
| MCB | 00003 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 112 | 940,800 | 10,400,986 | 87,368 |
| FPB | 00004 | 23,500 | +500 | +2.17% | 23,000 | 23,500 | 23,000 | 149 | 3,444,500 | 2,472,053 | 58,093 |
| TMH | 00005 | 3,000 | +50 | +1.69% | 3,000 | 3,000 | 3,000 | 44 | 132,000 | 12,823,224 | 38,470 |

## Market summary

As of 29th Oct. 2019

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 475.74 | -7.11 | -1.47% | 484.27 | 484.27 | 474.32 | 2,667 | 20,646,300 | 5 | 651,445 |

### Index chart




# Market Overview

As of 12:00 pm, 29th Oct. 2019

| MYANPIX | 475.74 ▼7.11 |
|---|---|
| Total Volume (shares) | 1,839 |
| Total Value (MMK) | 17 mil |
| Listed Company | 5 |
| Market Cap. (MMK) | 651,445 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▼ 500 |
| MTSH | 00002 | 4,000 | ▲ 50 |
| MCB | 00003 | 8,400 | ▲ 0 |
| FPB | 00004 | 23,500 | ▲ 500 |
| TMH | 00005 | 3,000 | ▲ 50 |